ဖမ်းဆီးခံရပြီး သတင်းပျောက်လူပျောက်ဖြစ်နေသော မအေးမြင့်မြတ် ပြန်လည်လွတ်မြောက်
၂၇ နိုဝင်ဘာ ၂၀၀၇

ပြီးခဲ့တဲ့လပိုင်းတွေအတွင်း ဖမ်းဆီးခံခဲ့ရပြီးတဲ့နောက် သတင်းပျောက်လူပျောက်ဖြစ်နေတဲ့ ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ် တတိယနှစ် ဥပဒေကျောင်းသူ မအေးမြင့်မြတ် ဒီနေ့တော့ စမ်းချောင်းမှာရှိတဲ့နေအိမ်ကို ပြန်ရောက်လာပါပြီ။ အဖမ်းခံရတဲ့ကာလတွေအတွင်း နေအိမ်နဲ့ အဆက်အသွယ်လုပ်ခွင့်မရခဲ့တဲ့အကြောင်းနဲ့ အာဏာပိုင်တွေက ခံဝန်လက်မှတ်ရေးထိုးခိုင်းပြီးတဲ့နောက် အခုလို ပြန်လွှတ်ပေးလိုက်တာလို့ ပြောပါတယ်။ အသေးစိတ်ကို ကိုသိန်းထိုက်ဦး တင်ပြထားပါတယ်။

ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်ဝင်တယောက်ဆိုပြီးတော့ အဖမ်းခံခဲ့ရတဲ့ မအေးမြင့်မြတ်ကို ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းက သူ့ကိုလွှတ်ပေးဖို့ လာခေါ်ပါဆိုပြီး လှိုင်မယကကို မိဘတွေကို ခေါ်ခဲ့ပါတယ်။ ဒါပေမယ့် နံမယ်မှားပြောတယ်ဆိုပြီး တကယ်လွှတ်တဲ့အထဲမှာ ပါမလာခဲ့ပါဘူး။ နောက် ဘယ်ထောင်မှာထားတယ်ဆိုတာလည်း စုံစမ်းလို့မရ၊ သတင်းပျောက်လူပျောက် ဖြစ်နေတဲ့အတွက် မအေးမြင့်မြတ်ရဲ့မိဘတွေက စိုးရိမ်တဲ့အကြောင်း ပြောခဲ့ကြပါတယ်။ အဲဒီနေ့က အင်းစိန်ထောင်က ပြန်လွှတ်လိုက်တယ်ဆိုတဲ့သတင်း ထွက်ခဲ့ပေမယ့် ဘာ့ကြောင့် အိမ်ကိုပြန်မရောက်လာတာလဲလို့ အကြောင်းစုံမေးကြည့်တော့ မအေးမြင့်မြတ်က အခုလိုပြန်ပြောပြပါတယ်။

"အင်းစိန်ထောင်ကနေ ပြန်လွှတ်လိုက်တာပါ။ ပြန်လွှတ်လိုက်တယ်ဆိုပြီး ခေါ်ထုတ်လာပြီးတော့ အိမ်ကိုပြန်မရောက်ဘဲနဲ့ ကျိုက္ကဆံကို နောက်တခေါက်ပြန်ခေါ်သွားတာပါ။ မိသားစုနဲ့လည်း မတွေ့လိုက်ရပါဘူး။ ဘာ့ကြောင့်လို့လဲမပြောဘူး၊ စစ်ကြောရေးကလည်း တခါပဲ၊ ၁၈ ရက်နေ့ကပြန်ရောက်ပြီး ၁၉ ရက်နေ့ကတခါပြန်စစ်တယ်။ အရင်ကပြောခဲ့ဖူးတာတွေပဲ ပြန်စစ်ပါတယ်။ နောက်ပိုင်းကျတော့ ဒီတိုင်းပဲထားတော့တာပဲ။ အိမ်ကိုပြန်ဆက်သွယ်ပေးဖို့ပြောတော့လည်း သူတို့အဆက်အသွယ်လုပ်မပေးဘူး"

ပြီးခဲ့တဲ့ နိုဝင်ဘာလ ပထမပတ်တုန်းကတော့ မအေးမြင့်မြတ်ရှိတဲ့ အင်းစိန်ထောင်ထဲကို ပစ္စည်းပို့လို့ရပါပြီဆိုပြီး မိသားစုတွေကို ပစ္စည်းပို့ခိုင်းခဲ့ပါတယ်။ ဒါပေမယ့် ပထမတပတ် ပစ္စည်းပို့တာကို လက်ခံခဲ့ပြီးတော့ ဒုတိယတပတ် သွားပို့တဲ့အခါကျတော့ ပထမတပတ်ကပေးခဲ့တဲ့ပစ္စည်းပါ ပြန်ပေးပြီးတော့ အင်းစိန်ထောင်ထဲမှာ မအေးမြင့်မြတ် မရှိပါဘူးဆိုပြီး အာဏာပိုင်တွေက အကြောင်းကြားခဲ့တာပါ။ ဒါ့ကြောင့် မိသားစုတွေက ဘယ်မှာထားတယ်ဆိုတာလည်း စုံစမ်းလို့မရ၊ တော်တော်လေးစိုးရိမ်တဲ့အကြောင်းတွေ သူတို့ ထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။ အဖမ်းခံခဲ့ရတဲ့ တလခွဲလောက်အတွင်းမှာ ဘယ်လိုနေထိုင်ခဲ့ရလဲ၊ ကျန်တဲ့လူတွေရဲ့အနေအထားက ဘယ်လိုလဲ၊ အခြေအနေအရပ်ရပ်ကိုမေးကြည့်တော့ မအေးမြင့်မြတ်က အခုလိုပြောပါတယ်။

"စခေါ်ခေါ်သွားချင်း ကျိုက္ကဆံမှာထားပါတယ်။ ကျိုက္ကဆံကနေမှ အင်းစိန်ထောင်၊ အင်းစိန်ထောင်ကနေပြီး ကျိုက္ကဆံကိုပြန်ခေါ်လာတယ်။ ကျိုက္ကဆံကနေ တပ်ရင်း ၃ ကို ပြန်ခေါ်သွားပါတယ်။ သူတို့စစ်တာကတော့ ဗကသအဖွဲ့ထဲမှာ သမီးပါတယ်လို့ ထွက်ချက်ရှိလို့ ခေါ်ပြီးစစ်ရတာလို့ ပြောပါတယ်။ အဲဒီမှာ မိန်းကလေး ၄ ယောက် ကျန်ခဲ့ပါသေးတယ်။ အမျိုးသမီး ၄ ယောက်၊ ဒဂုံတောင်က ၂ ယောက်၊ အိမ်ရှင်မတယောက်နဲ့ အန်တီကြီးတယောက်ရှိပါသေးတယ်။

"ကျန်းမာရေးအခြေအနေက ဆိုးဆိုးဝါးဝါးကြီးတော့ မရှိပါဘူး။ ခေါင်းကိုက်တာတို့ ဗိုက်အောင့်တာတို့လောက်ပေါ့၊ အမှန်တကယ်ဆိုရင်တော့ အဲဒီလောက်က ဆေးအဆင်သင့်ရှိသင့်တာလေ။ ဆေးကလည်း အဆင်သင့်မရှိဘူး။ သူတို့ကို တင်ပြခိုင်းတယ်။ တင်ပြခိုင်းတော့လည်း အကြောင်းမပြန်ဘူး။ သူတို့ဆေးကို စီစဉ်ပေးမယ်ဆိုပြီးတော့ အကြောင်းမပြန်ဘူး။ ဒါပေမယ့် အဲဒါလည်း ပျောက်သွားတာပါပဲ။ ဆိုးဆိုးဝါးဝါးကြီးမဟုတ်တော့"

အချုပ်ထဲမှာနေခဲ့ရတဲ့အနေအထားကို မအေးမြင့်မြတ် ပြန်ပြောပြတာပါ။

ဒီနေ့လွတ်မြောက်လာတဲ့အထဲမှာ ကိုဝေလင်းထွန်းနဲ့ ကိုရဲတံခွန်တို့လည်း လွတ်မြောက်လာတယ်လို့ မအေးမြင့်မြတ်က ပြောပါတယ်။ အဲဒီထဲမှာ ကိုဝေလင်းထွန်းကတော့ ပြီးခဲ့တဲ့ သံဃာထုနဲ့ လူထုလှုပ်ရှားမှုကြား အာဏာပိုင်တွေရဲ့ အကြမ်းဖက်နှိမ်နင်းခံခဲ့ရတဲ့ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူတဦးဖြစ်တယ်လို့ အခုလိုပြောပါတယ်။

"ကျိုက္ကဆံကနေ တပ်ရင်း ၃ ကို ခေါ်သွားတာက သူတို့ ၂ ယောက်လည်းပါတယ်။ တပ်ရင်း ၈ မှာ သူတို့ ၂ ယောက်ကို ဝင်ထားပြီးတော့မှ သမီးကို တပ်ရင်း ၃ ကို ပို့တာပါ။ ဝေလင်းထွန်းရယ်၊ ရဲတံခွန်ရယ်။ သူတို့လည်း အခု အတူတူပြန်လွတ်လိုက်ပါပြီ။ မရမ်းကုန်းမြို့နယ်ကိုရောက်တော့ ရဲတံခွန်ရဲ့အမေက လာခေါ်သွားပြီ။ ဝေလင်းထွန်းရဲ့မိဘတွေလည်း ရောက်နေကြပါပြီ။ ဝေလင်းထွန်းကတော့ သေနတ်ဒဏ်ရာနဲ့ ဆေးရုံကခေါ်လာတာလို့ ပြောပါတယ်"

အရင်တုန်းက နိုင်ငံရေးလှုပ်ရှားမှုတွေ ဆက်မလုပ်တော့ပါဘူးဆိုတာမျိုးကို အာဏာပိုင်တွေရှေ့မှာ ခံဝန်ချက်လက်မှတ်ရေးထိုးခဲ့ပေမယ့် မအေးမြင့်မြတ်ကိုတော့ သူ့ကျောင်းကဆရာတွေကိုခေါ်ပြီးတော့ ဆရာတွေရှေ့မှာ လက်မှတ်ရေးထိုးခိုင်းခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလတုန်းက သူ့ကိုလွှတ်ပေးတော့မယ်ဆိုတော့လည်း သူတက်ရောက်နေတဲ့ အရှေ့ပိုင်းတက္ကသိုလ်ကဆရာတွေ လှိုင်မယကရုံးကို သွားခဲ့ကြပါသေးတယ်။ ခံဝန်လက်မှတ်ရေးထိုးခဲ့ရတာနဲ့ပတ်သက်လို့လည်း အခုလိုရှင်းပြပါတယ်။

"နောက်ဆိုရင် ဆူပူလှုပ်ရှားမှုတွေမှာ မပါတော့ဘူးဆိုပြီး ကျောင်းက ပါမောက္ခချုပ်ရှေ့မှာ လက်မှတ်ထိုးခဲ့ရတာပါ။ အဲဒီဆူပူလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီးတော့ နောက်မလုပ်တော့ပါဘူး၊ နောက် အဲလိုမျိုးတွေရှိတဲ့အခါကျရင်လည်း ခေါ်ယူမေးမြန်းတဲ့အခါကျရင် ဖြေကြားပေးပါ့မယ်ဆိုပြီးတော့ပါ"

ဒီနေ့ပြန်လည်လွတ်မြောက်လာတဲ့ မအေးမြင့်မြတ် ပြောပြသွားတာပါ။ သူက ကျန်းမာရေးကောင်းတဲ့အကြောင်း၊ လက်ရှိအနေအထားမှာ နှိပ်စက်ညှဉ်းပန်းမခံခဲ့ရတဲ့အကြောင်း၊ အကျဉ်းထောင်တွေတခုပြီးတခုပြောင်းပြီး အချုပ်ခံခဲ့ရပြီး မိသားစုနဲ့ အဆက်အသွယ်ဖြတ်တောက်ခံခဲ့ရပေမယ့် သူ့ရဲ့အနေအထားက ကောင်းမွန်တယ်လို့ ပြောပါတယ်။ ဘာဆက်လုပ်မလဲလို့မေးတဲ့အခါမှာတော့ သူက အခုလိုပြောပါတယ်။

"ဒီတိုင်းပဲ ပညာဆက်သင်သွားမှာပါ။ ဒါပေမယ့် ဒီလိုမျိုး ကျောင်းသားထုတရပ်အနေနဲ့ ပါဝင်ရမယ်ဆိုရင်တော့၊ ပါသင့်တယ်ဆိုရင်တော့ ပါဦးမှာပါပဲ"